# ဗမာ့ကြောက်စိတ်

နေထက်မိုးဇော်



FEBRUARY 2025

FUTUREROADS

# ဗမာ့ကြောက်စိတ်

နေထက်မိုးဇော်

February 2025

FUTUREROADS STUDY GROUP

https://www.ourfutureroads.net

https://www.facebook.com/ourfutureroads

https://t.me/ourfutureroads

**We acknowledge the original owners of the sources and photos cited for this paper.**

## နိဒါန်း

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာပြည်တွင် ဗမာလူမျိုးများ သို့မဟုတ် ဗမာအမည်ခံထားသူများ သည် ၆၅ ရာခိုင်နှုန်း အထက်ရှိသည်ဟု ဆိုသည်။ ကိုလိုနီခေတ်မှသည် ၂၀၂၁ ခုနှစ် စစ်အာဏာမသိမ်းခင်အထိ ဗမာများသည် မြန်မာနိုင်ငံရေး၏ ဦးဆောင်ဖြစ်သည်ဟုလည်း ဆိုနိုင်သည်။ မြန်မာပြည်၏ စီးပွားရေး၊ ပညာ ရေး၊ ကျန်းမာရေးမှစ၍ တိုင်းပြည်၏ အဓိကအချက်အချာများသည်လည်း ဗမာအများစု နေထိုင်ရာ ဧရာဝတီ မြစ်ဝှမ်းတစ်လျှောက်တွင်သာ တည်သည်။

သို့ဖြစ်ရကား မြန်မာ့နိုင်ငံရေး အပြောင်းအလဲတွင် ဗမာလူထုနှင့်တကွ ဗမာနိုင်ငံရေးခေါင်းဆောင်များ ၏ အတွေးအမြင်၊ ယုံကြည်ချက်နှင့် ရပ်တည်မှုများသည် အဓိကနေရာတွင် ရှိနေခဲ့သည်။ ရှိနေဆဲဟုပင် ပြော၍ ရနိုင်သေးသည်။ ထို့ကြောင့် ဤတင်ပြမှု၌ ဗမာခေါင်းဆောင်များ၏ ခေတ်အဆက်ဆက် လက်ကိုင်ပြု၍ တွေး ခေါ်ယုံကြည်စွဲမြဲလာခဲ့ကြသော ကြောက်စိတ်များကို လေ့လာသုံးသပ်မှု အနည်းငယ်ပြုလုပ်သွားမည်ဖြစ်သည်။

အကြောင်းရင်းမှာ ယင်းကြောက်စိတ်သည် ပြည်ထောင်စုအကျိုးစီးပွားကို ဖျက်ဆီးနေခဲ့သည်။ ယင်း ကြောက်စိတ်ကို ပြုပြင်နိုင်လျှင် မြန်မာပြည်သူများ ပြင်းပြလိုလားနေကြသည့် (အနည်းဆုံး) ဖက်ဒရယ်ပြည် ထောင်စုကိုဖြစ်စေ တည်ဆောက်ကြရာတွင် ကောင်းကျိုးသက်ရောက်မှု ရှိမည်ဖြစ်သည်။

သို့ရာတွင် အချိန်နှင့်အမျှပြောင်းလဲနေသော မြန်မာ့နိုင်ငံရေး ရာသီဥတုအခြေအနေများကြောင့် အရိုး စွဲနေကြသည့် လက်ရှိမြန်မာပြည်မြေပုံကို အခြေပြု၍ရရှိထားသော လူဦးရေများသည့် ဗမာများ၏ ဦးဆောင်မှု အခန်းကဏ္ဍနှင့် အရေးပါမှုအနေအထားသည်လည်း ပြောင်းလဲကောင်းပြောင်းလဲသွားနိုင်သည်။ ဗမာများ မပါ ဝင်သော ဖြစ်တည်မှုအသစ်များပင် ဖြစ်ကောင်းဖြစ်လာနိုင်သည်။ သို့ဖြစ်၍ မြန်မာပြည်၏ အနာဂတ်ကောင်း ကျိုးကို ရည်မျှော်၍ ဤလေ့လာသုံးသပ်မှုကို ပြုသည်။

## ဗမာ့ကြောက်စိတ် (၁)

### ဌာနေတိုင်းရင်းလူမျိုးများ၏ တန်းတူခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်များအပေါ် ကြောက်စိတ်

ဗမာနိုင်ငံရေးခေါင်းဆောင်များ၊ ဗမာစစ်တပ်ခေါင်းဆောင်များသည် မြန်မာ့ လွတ်လပ်ရေးတိုက်ပွဲကို အတူလက်တွဲတိုက်လာခဲ့သည့် ဗမာမဟုတ်သော ဌာနေတိုင်းရင်းလူမျိုးစုများအား တန်းတူအခွင့်အရေးပေးရန် အလွန်ဝန်လေးသည်ကို တွေ့ရသည်။ ၁၉၄၇ အခြေခံဥပဒေတွင် ဖဆပလခေါင်း ဆောင်များသည် ရှမ်းပြည်၊ ကချင်ပြည်၊ ကရင်နီပြည် စသည့် ပြည်နယ်မှမပေးလျှင် ဗမာများနှင့် မည်သို့မျှ ပေါင်းစည်းကြမည်မဟုတ်သော တိုင်းရင်းလူမျိုးစုများ၏ နယ်မြေများကို ပြည်နယ်ပေးခဲ့သော်လည်း အသာခေါက်ထား၍ရသည့် ရခိုင်၊ မွန်နှင့် ချင်းတို့ကို ပြည်နယ်မပေးခဲ့ပေ။

ပြည်နယ်ပေးသည် ဆိုရာတွင်သော်မှ ပြည်နယ်ဥက္ကဋ္ဌခန့်ထားရေး၊ ပြည်နယ်မှပြုသည့် ဥပဒေများကို သမ္မတက အတည်ပြုရသည့်ကိစ္စ၊ ပြည်နယ်အခွန်တော်နှင့် ဘတ်ဂျက် စသည်ဖြင့် ရသမျှကို လျှော့ချကန့်သတ်

ထားခဲ့ကြသေးသည်။ ၁၉၄၈ ခုနှစ် နောက်ပိုင်းတွင်လည်း ရခိုင်နှင့် မွန်တို့၏ ပြည်နယ်တောင်းဆိုမှုများကို ဝန်ကြီးချုပ်ဦးနုနှင့် ဗမာ ဖဆပလခေါင်းဆောင်များသည် အကြိမ်ကြိမ်ပယ်ချခဲ့ကြောင်း တွေ့ရှိရသည်။

၁၉၆၀ ခုနှစ်တွင် ပထစအစိုးရ အာဏာရလာခဲ့ပြီးနောက် ဌာနေတိုင်းရင်းလူမျိုးစုများက တန်းတူရေး၊ ဖက်ဒရယ်မူအရေးများ လှုပ်ရှားလာသောအခါ နဂိုကပင် အာဏာလိုချင်နေသော ဗမာစစ်တပ်က ၁၉၆၂ ခုနှစ်တွင် စစ်အာဏာသိမ်းခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် မဆလ အခြေခံဥပဒေ ပေါ်ပေါက်လာရာ ဌာနေတိုင်းရင်းလူမျိုးစု (၁) ကျပ်၊ ဗမာ (၇) ကျပ် ရရှိသောမူကို ပြဋ္ဌာန်းခဲ့သည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း ယင်းလမ်းဟောင်းကိုပင် ဆက်လျှောက်ရုံမက ပြည်ထောင်စုနယ်မြေဆိုသည်က ပိုလာသည့်အတွက် ဗမာ (၈) ကျပ်၊ ဌာနေတိုင်းရင်းလူမျိုးစုတစ်စု (၁) ကျပ်အထိ ဈေးကျသွားခဲ့သည်။ ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်များကို နိုင်ငံတော်သမ္မတကသာ ခန့်အပ်နိုင်သည်ဆိုခြင်းမှာလည်း နောင်တော်ဖွဲ့စည်းပုံများ၏ အမွေကို ဆက်ခံခြင်းပင်ဖြစ်သည်။

၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်သူ့လွှတ်တော်၌ ဗမာလွှတ်တော်ကိုယ်စားလှယ်များ၏ အရေအတွက်ကို များအောင်ပြုကာ၊ သို့မဟုတ် ယင်းသို့ အရေအတွက်သာလွန်သည်ကို အကြောင်းပြုကာ အစိုးရသည် ပြည်သူ့လွှတ်တော်ကိုသာ တာဝန်ခံခဲ့သည်။ လူမျိုးစုလွှတ်တော်နှင့် အာဏာမတူသည့်အတွက် ဌာနေတိုင်းရင်းလူမျိုးများကို ထိန်းချုပ်နိုင်ခဲ့သည်။

၁၉၇၄ အခြေခံဥပဒေတွင် ပြည်သူ့လွှတ်တော်တစ်ခုတည်းသာရှိပြီး ဗမာများက တိုင်း(၇)တိုင်း ဝေစုယူကာ ဌာနေတိုင်းရင်းလူမျိုးစုများကို ဆက်လက်ထိန်းချုပ်ခဲ့သည်။ ၂၀၀၈ ဖွဲ့ စည်းပုံအခြေခံဥပဒေတွင်လည်း နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်အား တာဝန်ခံရသည်။ ပြည်ထောင်စုလွှတ်တော်တွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဟူ၍ လွှတ်တော် (၂) ရပ် ပါရှိရာ၊ ယင်းလွှတ်တော် (၂) ရပ်ပေါင်းတွင် ဗမာကိုယ်စားလှယ်များက အင်အားသာလွန်ပြီးဖြစ်သည်။ သည့်အပြင် ဗမာစစ်တပ်ကပါ ရှယ်ယာတစ်ဖို့ယူထားလိုက်သေးသည်ဖြစ်ရာ ဌာနေတိုင်းရင်းလူမျိုးစုများမှာ လွှတ်တော်တွင်း၌ မည်သည့်အခွင့်အရေးကိုမျှ မရရှိနိုင်ပေ။

ယင်းအားသာချက်များကို ဗမာအစိုးရအဆက်ဆက် မြိန်ရှက်စွာ စားသုံးခဲ့ကြသည်။ ဒီမိုကရေစီတပ်ဦးပါတီဟု ဆိုကြသည့် NLD အစိုးရလက်ထက်တွင်လည်း လွှတ်တော်တွင်း ယင်းအားသာချက်များနှင့် ၂၀၀၈ ဖွဲ့စည်းပုံတွင် ပြဋ္ဌာန်းထားသော ဌာနေတိုင်းရင်းလူမျိုးစုများအပေါ် နိုင်ကွက်၊ ချုပ်ကွက်များကို ဆက်လက်အသုံးပြုခဲ့သည်။

ဗမာနိုင်ငံရေးခေါင်းဆောင်အချင်းချင်းသည် မည်မျှပင် အယူဝါဒနှင့် နည်းဗျူဟာများ ကွဲပြားနေစေကာမူ ဌာနေတိုင်းရင်းလူမျိုးစုများအား နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးများ တန်းတူခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်များနှင့် ပတ်သက်လာလျှင် တစ်သဘောတည်းဖြစ်ကာ ပေါင်းစည်းသွားတတ်မြဲပင် ဖြစ်သည်။ ဗမာနိုင်ငံရေးခေါင်းဆောင်၊ စစ်ခေါင်းဆောင်များသာမက ဗမာအသိပညာရှင်၊ အတတ်ပညာရှင် အများစုနှင့် ဗမာမီဒီယာအများစုကပါ ရေငုံနှုတ်ပိတ် ဖြစ်သွားကြမြဲပင်ဖြစ်သည်။



## NLD အစိုးရသည် ဗမာစစ်တပ်၏ ၂၀၀၈ ဖွဲ့စည်းပုံအားသာချက်ကို ဌာနေတိုင်းရင်းလူမျိုးစုများအပေါ်တွင် ကောင်းစွာအသုံးချခဲ့သည်

၎င်းတို့အားလုံးသည် ဌာနေတိုင်းရင်းလူမျိုးစုများ၏ ရပိုင်ခွင့်ဖြစ်သော တန်းတူခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်များအား ပေးရမည်ကို သေမတတ် ကြောက်ရွံ့ဝန်လေးနေကြ၏။ ဗမာများနှင့် တန်းတူဖြစ်သွားမည်ကို မလိုလားကြသေးပေ။

၂၀၂၁ ခုနှစ်တွင် စတင်ခဲ့သော နွေဦးတော်လှန်ရေးနှင့် NUG တို့တွင်လည်း ယင်းတန်းတူရေး၊ ဗမာပြည်နယ်ဖွဲ့စည်းရေး၊ ဖက်ဒရယ်စစ်စစ်မှုနှင့် ပြည်ထောင်စုစစ်စစ်ဖွဲ့စည်းရေး အစရှိသည်များကို ရှင်းရှင်းလင်းလင်း တိတိကျကျနှင့် ခိုင်မာယုံကြည် အားထားလောက်သော ကျယ်လောင်မှုမျိုးကို မကြားရသေးဟု ဆိုနိုင်သည်။ ယင်းတို့ကိုဦးတည်သော လုပ်ငန်းစဉ်များကို လက်တွေ့စတင် အကောင်အထည်ဖော်နေခြင်းမျိုးကိုလည်း မတွေ့မြင်ရသေးဟု ဆိုနိုင်သည်။

NUG သည် ၂၀ဂ၈ ဖွဲ့စည်းပုံအောက်တွင် ရရှိခဲ့သော ရွေးကောက်ပွဲရလဒ်ကို ဆုပ်ကိုင်ထားကာ ဌာနေတိုင်းရင်းသားလူမျိုးစုများ၏နယ်မြေများအပါအဝင် မြန်မာတစ်နိုင်ငံလုံးကို အုပ်စိုးခွင့်အာဏာအား တပ်မက်နေတုန်းပင် ရှိသေးသည်။ ၂၀ဂ၈ ဖွဲ့စည်းပုံ၏ ဌာနေတိုင်းရင်းလူမျိုးစုများအပေါ် ချုပ်ကွက်များအား လက်လွှတ်လိုက်ရမည်ကို ကြောက်စိတ်ဝင်နေတုန်းပင် ရှိနေသေးသည်။ လက်ရှိ အာဏာသိမ်းစစ်ကောင်စီသည် လည်း ယင်းကိစ္စနှင့် စပ်လျဉ်းလာလျှင် ထိုနည်းလည်းကောင်းပင်ဖြစ်ရာ ဗမာနိုင်ငံရေးခေါင်းဆောင်များနှင့် ဗမာစစ်ခေါင်းဆောင်များသည် ဌာနေတိုင်းရင်းလူမျိုးစုများ၏ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များကို ကြောက်စိတ် ဝင်နေကြတုန်းပင် ရှိသေးသည်။

## ဗမာ့ကြောက်စိတ် (၂)

### စစ်တပ်ပါဝင်စွက်ဖက်မှုကင်းသော အရပ်သားဒီမိုကရေစီအစိုးရစစ်စစ်အဖြစ် တည်ဆောက်ရန် ကြောက်စိတ်

လက်ရှိမြန်မာပြည်နယ်နိမိတ်အတွင်းရှိ ဌာနေတိုင်းရင်းလူမျိုးစုများထဲတွင် ဗမာဘုရင်များသည် ယိုးဒယားကို တိုက်ခဲ့သည်။ မွန်ကို တိုက်ခဲ့သည်။ ရခိုင်ကို တိုက်ခဲ့သည်။ ဗမာတို့သည် စစ်ကိုအားသန်ပြီး စစ်တပ်အားကိုးနှင့် အခြားလူမျိုး၊ အခြားနယ်မြေဒေသများအား နယ်ချဲ့သိမ်းပိုက်ခြင်းကို မကြာခဏပြုခဲ့သည်။ အင်္ဂလိပ်ကိုလိုနီခေတ်တွင် အင်္ဂလိပ်စစ်တပ်ထဲ၌ ဗမာအများအပြား မထားပေ။ သို့ဖြစ်၍ ဗမာတို့သည် ဂျပန်နှင့်ပေါင်းကာ စစ်တပ်ကိုထူထောင်ခဲ့ကြသည်။

ယင်းနောက်တွင် အင်္ဂလိပ်နှင့်ပေါင်း၍ ဂျပန်များကို တိုက်ထုတ်ကြပြီးနောက် မြန်မာအမြဲတမ်းတပ်မတော်ကို ပြန်လည်ဖွဲ့စည်းခဲ့သည်။ နောက်ပိုင်းတွင် အုပ်ချုပ်ရေးအာဏာရယူရန်အတွက် ဗိုလ်ချုပ်အောင်ဆန်းက စစ်တပ်မှထွက်လိုက်ပြီး စစ်တပ်အကြီးအကဲမှာ ကရင်လူမျိုးဖြစ်နေခြင်းကိုလည်းကောင်း၊ စစ်တပ်ထဲတွင် ကရင်စစ်ဗိုလ်များ ကြီးစိုးနေသည်ကို လည်းကောင်း ဗမာလူမျိုးကြီးဝါဒီ နိုင်ငံရေးသမားတို့က မကြိုက်ပေ။ ထို့ကြောင့် မြန်မာအမြဲတမ်းစစ်တပ် ရှိနေလျက်နှင့်ပင် ဆိုရှယ်လစ်အုပ်စုသည် စစ်ဝန်ထမ်းတပ်ကို ထူထောင်ခဲ့ကြသေးသည်။

၁၉၄၈ ခုနှစ် နောက်ပိုင်းတွင် ဗမာတို့၏ ၁၉၄၇ အခြေခံဥပဒေသည် ဖက်ဒရယ်မှုမစစ်ခြင်းနှင့် နိုင်ငံရေးအယူဝါဒ ကွဲပြားမှုများကြောင့် ပြည်တွင်းတော်လှန်ပုန်ကန်မှုများ တစ်ခုပြီးတစ်ခု ပေါ်ပေါက်လာရာ ဖဆပလက စစ်တပ်ကို အားကိုးတကြီး မြှောက်စားခဲ့ရသည်။

ထို့ပြင် ဖဆပလ အကွဲအပြဲတွင်လည်း တည်မြဲနှင့်သန့်ရှင်း နှစ်ဖက်စလုံးသည် ဗမာစစ်တပ်ကို ချော့ပေါင်းခဲ့ကြသည်။ သို့နှင့် ဗမာစစ်တပ်သည် တဖြည်းဖြည်းအင်အား ကြီးထွားလာကာ မာန်တက်လာခဲ့သည်။ ဗမာစစ်တပ်သည် ၎င်း၏မူလတာဝန်ထက်ကျော်လွန်ကာ နိုင်ငံရေး အာဏာကို မက်လာခဲ့သည်ဟု ဆိုနိုင်သည်။ သို့မဟုတ် မူလကပင် နိုင်ငံရေးအာဏာကို လိုချင်မက်မောနေသော ဗိုလ်နေဝင်းအတွက် အချောင်ရမည့်လမ်းကို မြင်ခဲ့သည်ဟု ဆိုနိုင်သည်။ ဤသို့ဖြင့် စစ်အာဏာသိမ်းသော အလေ့အထဆိုးကြီးကို စတင်စိုက်ပျိုးခဲ့ကြသည်။

၂၀၁၅ ခုနှစ်တွင် အရပ်သားဒီမိုကရေစီအစိုးရ ပြန်လည်ပေါ်ပေါက်လာခဲ့သည်ဟု ဆိုနိုင်သော်လည်း ၎င်းအရပ်သားအစိုးရသည် ဒီမိုကရေစီအနှစ်သာရများဖြစ်သော လွတ်လပ်ရေး၊ တန်းတူရေးနှင့် ညီမျှရေးများကို ဦးစားမပေးခဲ့ဘဲ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်များပင် ဆိတ်သုဉ်းခဲ့ရသည်။ ရခိုင်စစ်ပွဲကိုဆင်နွှဲပြီး ယင်းစစ်ပွဲကို ဆင်နွှဲကြသော ဗမာ့တပ်မတော်သားများကို ချီးကျူးဂုဏ်ပြုနေခဲ့သည်။ ရခိုင်ပြည်နယ်တွင် ပိတ်လှောင်ထားသော ဘင်္ဂါလီမူဆလင်ပြဿနာကို ယင်းအခြေခံဇစ်မြစ်အား ဖြေရှင်းရန်မကြိုးစားဘဲ ဗမာစစ်တပ်အားကိုးဖြင့် စစ်ဆင်ရေးဆင်နွှဲခဲ့သည်။ ယင်းကြောင့် ဖြစ်ပေါ်လာသော နောက်ဆက်တွဲပြဿနာများ

(ဥပမာ - ICJ) ကိုပါ အရပ်သားအစိုးရက တာဝန်ယူဖြေရှင်းခဲ့သည်။ ဖဆပလနှင့် ပထစခေတ်က လမ်းဟောင်း အတိုင်းပင် ဌာနေတိုင်းရင်းလူမျိုးများအရေး၌ ခေါင်းမာခဲ့သလောက် ဗမာစစ်တပ်ကို ချော့ပေါင်းရန်ကြိုးစား ခဲ့သည်။ သို့နှင့်ပင် ကလင်ဒါကျနိုင်ငံရေးဖြစ်ပေါ်မှုအတိုင်း ၂၀၂၁ ခုနှစ်တွင် စစ်အာဏာသိမ်းမှုကို ကြုံတွေ့ခဲ့ရ ပြန်သည်။



## တည်မြဲဖဆပလခေါင်းဆောင် ဦးဗဆွေနှင့် ဗိုလ်ချုပ်နေဝင်း

ယနေ့အချိန်ထိ ဗမာစစ်တပ်သည် နိုင်ငံရေးအာဏာများကို ဝင်ရောက်စွက်ဖက်နေခြင်းအား စွန့်လွှတ် ကာ စစ်တပ်သည် အရပ်သားအစိုးရအောက်တွင်သာရှိရမည့် နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ အဖွဲ့အစည်း တစ်ခုသာလျှင်ဖြစ်သည်ဟူသည့် ဖွဲ့စည်းပုံမျိုးကို လက်မခံနိုင်ဘဲ စစ်တန်းလျားပြန်ရန်ကြောက်စိတ် လွှမ်းမိုးနေ တုန်းပင်ရှိသေးသည်။

ထို့အတူ လွတ်လပ်ရေးရပြီးကတည်းက အုပ်ချုပ်ခဲ့ဖူးသော ဗမာအရပ်သားအစိုးရများသည် အခြား ဌာနေတိုင်းရင်းသားများအား ၎င်းတို့ရသင့်ရထိုက်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် နိုင်ငံရေးတန်းတူခွင့်များကို ပေးအပ်ရမည်စိုးသည့်အတွက် ၎င်းတို့၏ မသိစိတ်ထဲတွင် ဗမာအစိုးရစစ်တပ်အားကောင်းနေမှုကို သိသိ သာသာ အားကိုးလျက်၊ အားရလျက် စစ်တပ်ပါဝင်စွက်ဖက်မှုကင်းသော အရပ်သားဒီမိုကရေစီအစိုးရစစ်စစ် ဖြစ်ပေါ်ရေးကို ပြတ်ပြတ်သားသား၊ ရဲရဲဝံ့ဝံ့တည်ဆောက်ရန် ကြောက်စိတ်ဝင်မှုတို့က မြန်မာပြည်သူများကို စစ်တပ်အုပ်ချုပ်သော ခေတ်ဆွေး၊ ခေတ်ပျက်၊ ခေတ်ဟောင်းကြီးသို့ တစ်ကြိမ်ပြန်လည်ရောက်ရှိစေခဲ့သည်။

## ဗမာ့ကြောက်စိတ် (၃)

### ဌာနေတိုင်းရင်းလူမျိုးစုများ၏ နယ်မြေများနှင့် သဘာဝသယံဇာတများအား လက်လွှတ်ရမည်ကို ကြောက်စိတ်

အင်္ဂလိပ်များစုစည်းမိသော မြန်မာပြည်တွင် အင်္ဂလိပ်ကိုလိုနီစနစ် အသားကျပြီးနောက်ပိုင်း၌ ထွက်ပေါ်လာခဲ့သော ဗမာနိုင်ငံရေးသမားတို့သည် မြန်မာပြည်ကို အုပ်ချုပ်နေသည့် အင်္ဂလိပ်အုပ်ချုပ်ပုံကို ကောင်းစွာ သဘောပေါက်ခဲ့ကြပုံရသည်။ ဌာနေတိုင်းရင်းလူမျိုးစုများ၏ သဘာဝသယံဇာတများကို ထုတ်ယူရောင်းချခြင်း၊ ယင်းတို့အား ဖွံ့ဖြိုးတိုးတက်မှုနိမ့်ကျအောင် ပြုလုပ်ထားခြင်း၊ ခွဲခြားအုပ်ချုပ်ခြင်း စသည်တို့ကို နည်းနာများ ယူခဲ့ကြသည်ဟုပင် ဆိုနိုင်သည်။

အမှန်စင်စစ်၌ ဖဆပလ ဗမာခေါင်းဆောင်များ၏ လက်သုံးစကားဖြစ်သော " တိုင်းရင်းသား တန်းတူရေး " " ဗမာ့ကျွန်မဖြစ်စေရ " " ကိုယ်ပိုင်အုပ်ချုပ်ခွင့် " စသည်တို့ကို အမှန်တကယ် ယင်းသဘောအတိုင်း ဖြစ်စေချင်ခဲ့မည်ဆိုလျှင် ဗမာအပါအဝင် ဌာနေလူမျိုးစုကြီးများအားလုံး တန်းတူသောပြည်နယ်များ ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုအား တစ်ပြည်လုံးဆိုင်ရာ အာဏာများလွှဲအပ်ထားပြီး ကြွင်းကျန်သောအာဏာများကို ပြည်နယ်များက ရယူခြင်း၊ ပြည်နယ်များသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိခြင်း စသည်တို့ကို ၁၉၄၇ အခြေခံဥပဒေ၌ ရှင်းလင်းပြတ်သားတိကျစွာ ပြဋ္ဌာန်းခဲ့မည်ဖြစ်သည်။

ဗမာတိုင်းရင်းသားပြည်နယ်အပါအဝင် တိုင်းရင်းသားပြည်နယ်များသည် ၎င်းတို့၏ ရေ၊ မြေနှင့် သဘာဝသယံဇာတများကို ပိုင်ဆိုင်ခွင့်၊ စီမံခွင့်ရှိရမည်။ ပြည်နယ်များသည် ယင်းတို့နှင့်စပ်လျဉ်းသော လုပ်ငန်းများကို ခွင့်ပြုခြင်း၊ ထိန်းချုပ်ခြင်း၊ အခွန်ဘဏ္ဍာ စည်းကြပ်ခြင်း၊ ရရှိသော အခွန်ဘဏ္ဍာနှင့်ဝင်ငွေများကို စုဆောင်းခြင်း၊ သုံးစွဲခြင်းတို့ကို ပြုလုပ်နိုင်ရမည်။ ယင်းတို့အထဲမှ ပြည်နယ်လွှတ်တော်၏ ဆုံးဖြတ်ချက်ဖြင့် ပြည်ထောင်စု ရန်ပုံငွေသို့ မည်မျှထည့်ဝင်မည် ဆိုခြင်းသာ ရှိရပေမည်။

သို့ရာတွင် ၁၉၄၇ အခြေခံဥပဒေတွင်လည်းကောင်း၊ ၁၉၇၄ အခြေခံဥပဒေတွင်လည်းကောင်း၊ ၂၀၀၈ အခြေခံဥပဒေတွင်လည်းကောင်း နိုင်ငံတော်သည် ရေ၊ မြေ အားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်ကြောင်း ပြဋ္ဌာန်းခဲ့ကြသည်။ ၁၉၄၈ အခြေခံဥပဒေတွင် မြေယာကို အဓိကရည်ရွယ်ပြီး သဘာဝသယံဇာတနှင့်ပတ်သက်၍ တင်းကြပ်မှုနည်းပါးသေးသည်ဟု ဆိုနိုင်သည့်တိုင် ၁၉၇၄ နှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် " မြေပေါ် မြေအောက်၊ ရေပေါ်ရေအောက်၊ လေထုအတွင်းရှိ သယံဇာတအားလုံးနှင့် မြေယာအားလုံးကို နိုင်ငံတော်က ပိုင်ပြီး ယင်းတို့အား စီမံခန့်ခွဲခွင့်မှာ နိုင်ငံတော်(ဗဟိုအစိုးရ)၌သာ ရှိသည်” ဟု တစ်ကြိမ်ထက်တစ်ကြိမ် ပိုမိုကျယ်ပြန့်စွာ ချုပ်ကိုင်ပြဋ္ဌာန်းလာခဲ့ကြသည်။

ယင်းအချက်က ဗမာနိုင်ငံရေးခေါင်းဆောင်၊ ဗမာစစ်တပ်ခေါင်းဆောင် တို့သည် ဌာနေတိုင်းရင်းလူမျိုးများပိုင်သော ရေ၊ မြေ နှင့် သဘာဝသယံဇာတများအား မည်မျှအထိမက်မောနေကြောင်း ၊ ယင်းတို့၏ ပင်ရင်းပိုင်ရှင်ဖြစ်လိုကြောင်း၊ ယင်းတို့အား လုပ်ချင်တိုင်းလုပ်ပိုင်ခွင့်ကို တရားဝင်ရလိုနေကြောင်း ထင်ရှားနေပေသည်။ ဖက်ဒရယ်မူစစ်စစ်ဖြစ်သော ပြည်ထောင်စုကို မဖွဲ့စည်းလိုခြင်း၊ ပြည်တွင်းစစ်ဖြစ်ရခြင်း၊ ဗမာစစ်တပ်အင်အား တည်ဆောက်ခြင်းနှင့် အင်အားကြီးလာခြင်းတို့၏ အဓိကအကြောင်းရင်းတစ်ချက်လည်း ဖြစ်ပေသည်။



မိုးမိတ်စော်ဘွား၏နယ်မြေဖြစ်သော ကမ္ဘာ့အကောင်းဆုံး ပတ္တမြားများထွက်ရှိရာ

မိုးကုတ်မြို့သည် မန္တလေးတိုင်းထဲရောက်နေသည်

အမုန်စင်စစ်၌ကား ဗမာခေါင်းဆောင်များနှင့် ဗမာအစိုးရအဆက်ဆက်တို့သည် ဌာနေတိုင်းရင်းလူမျိုးစုများ၏ နယ်မြေများနှင့် ဌာနေတိုင်းရင်းလူမျိုးစုများပိုင်သော သဘာဝသယံဇာတများအား လက်လွှတ်လိုက်ရမည်ကို ကြောက်စိတ် အထူးဝင်နေကြဆဲပင် ဖြစ်သည်။ သို့ဖြစ်၍ တိုင်းပြည်ကို ဗမာလူမျိုးတစ်မျိုးတည်းက အုပ်ချုပ်ခြင်းမျိုး မဟုတ်ဘဲ၊ ဗမာအများစုပါဝင်သော လွှတ်တော်များက ဗဟိုအစိုးရဖွဲ့စည်းခြင်းမျိုး မဟုတ်ဘဲ၊ ဗမာပြည်နယ်အပါအဝင် တန်းတူသောပြည်နယ်များဖြင့်ဖွဲ့စည်းမည့် ပြည်ထောင်စုသည် အလှမ်းဝေးနေဆဲဖြစ်ကာ ပြည်ထောင်စုအကျိုးစီးပွားဆိုသည်မှာလည်း စာအုပ်ထဲတွင် လက်ရေးလှရေးနေကြဆဲသာ ဖြစ်သည်။

## ဗမာ့ကြောက်စိတ် (၄)

## ဌာနေတိုင်းရင်းလူမျိုးများအား ချုပ်ကိုင်ကာ တိုင်းပြည်ကို ဦးဆောင်မှု မပြုရမည်ကိုကြောက်စိတ်

ဗမာနိုင်ငံရေးသမားများသည် မြန်မာပြည်၌ပါဝင်နေသော ဌာနေတိုင်းရင်းလူမျိုးစုများကို ဗမာများကသာ နိုင်ငံရေးဦးဆောင်သင့်သည်၊ ဗမာလူမျိုးများကသာ အုပ်ချုပ်သင့်သည်ဟု ယုံကြည်ကြသည်။ ဖဆပလ ခေတ် ဗမာနိုင်ငံရေးသမား ခေါင်းဆောင်အများစုသည် ဌာနေတိုင်းရင်းလူမျိုးစုများကို ဗမာနိုင်ငံတော်အတွင်း တွင် တိုင်းများအဖြစ်သာ ပါဝင်စေလိုကြသည်။ ပြည်နယ်ပေးရခြင်း၊ ပြည်ထောင်စုဖွဲ့ရခြင်းကို သဘော မကျချေ။ ယင်းတို့နှင့်ပတ်သက်၍ ဦးနု၊ ဦးဗဆွေတို့ ပြောကြားခဲ့သောစကားများသည် မှတ်တမ်းဝင်ခဲ့ကြပြီး ဖြစ်သည်။ ဖဆပလ၏ အတိုက်အခံဖြစ်သော ပမညတ၏ ခေါင်းဆောင်တစ်ဦးဖြစ်သူ ဝိဓူရ သခင်ချစ်မောင် သည်ပင် ဗမာပြည်မကို အခြေခံပြီး ပြည်ထောင်စုဖွဲ့စည်းရခြင်း၊ တစ်နည်းအားဖြင့် ဌာနေတိုင်းရင်းလူမျိုးစုများ အားလုံးကို ဗမာက ဦးဆောင်ရခြင်းသည် " ဘုရားကိုက ပေးတဲ့ပစ္စည်း၊ ဘဝကိုကပေးတဲ့ပစ္စည်း " ဖြစ်ကြောင်း ပြောကြားခဲ့သည်ကို ထောက်ရှု၍ ဗမာများသည် ဌာနေတိုင်းရင်းလူမျိုးစုများအား စိုးမိုးအုပ်ချုပ်လိုကြောင်း ထင်ရှားပြီး ဖြစ်သည်။ ယင်းကို ဥပဒေအရ ခိုင်မာစေရန် အခြေခံဥပဒေအဆက်ဆက်တွင် ပြဋ္ဌာန်းခဲ့ကြသည်။

၁၉၄၇ အခြေခံဥပဒေတွင် ဗမာအများစုရှိသော ပြည်သူ့လွှတ်တော်ကို လူမျိုးစုလွှတ်တော်၏ အမတ်ဦး ရေထက် နှစ်ဆနီးနီး ဖြစ်နိုင်သမျှဖြစ်နိုင်စေရမည် ( ပုဒ်မ ၈၃ (၂) )။ နိုင်ငံတော်သမ္မတကို လွှတ်တော်နှစ်ရပ် တွဲဖက်ညီလာခံက တင်မြှောက်ရမည် ( ပုဒ်မ ၄၆ )။ ဝန်ကြီးချုပ်ကို ပြည်သူ့လွှတ်တော်က ရွေးချယ်တင် မြှောက်ရမည်(ပုဒ်မ ၅၆(၁၁))။ ဝန်ကြီးချုပ်က ဝန်ကြီးများ၏ အမည်စာရင်းကို တင်သွင်းရသည်(ပုဒ်မ ၅၆ (၂))။ ပြည်နယ်ဝန်ကြီးများကို ဝန်ကြီးချုပ်က အမည်စာရင်းတင်သွင်းရသည် (ပုဒ်မ ၁၆၀၊ ၁၇၃၊ ၁၈၁ (၂)၊ ၁၈၉ )။ ဗဟိုအစိုးရသည် ပြည်သူ့လွှတ်တော်အား အဖွဲ့လိုက်တာဝန်ခံရမည် ( ပုဒ်မ ၁၁၅ )။ ပါလီမန်သည် ပြည်ထောင် စုအတွက်ဖြစ်စေ၊ ပြည်နယ်များအတွက်ဖြစ်စေ ဥပဒေပြုနိုင်သည် (ပုဒ်မ ၉၁ (၁)၊ ပုဒ်မ ၉၄ (၁) )။ ပြည်နယ် များအား လွှဲအပ်ထားသော မဖြစ်စလောက်သော အခွန်တော်မှလွဲ၍ ကျန်သောအခွန်တော်အားလုံးသည် ပြည်ထောင်စုသို့ ဝင်ရမည် ( ပုဒ်မ ၉၆ (၁) (၂) )။ ပြည်နယ်များအား ပြည်ထောင်စုမှ မည်မျှပေးရန်ရှိသည်ဟု တိကျရှင်းလင်းစွာ မဖော်ပြထားဘဲ ထောက်ပံ့ရန်လိုအပ်သည်ဟု ထောက်ခံချက်ရပါက ထောက်ပံ့ကောင်း ထောက်ပံ့နိုင်သည်။ မထောက်ပံ့ချင်ပါကလည်း မထောက်ပံ့ဘဲ နေနိုင်ခွင့်ရှိသည်။ မည်ရွေ့မည်မျှဟု သတ်မှတ် ချက်မရှိ ( ပုဒ်မ ၉၆ (ခြွင်းချက်)။ ဖော်ပြပါတို့သည် ဗမာကိုယ်စားလှယ် အရေအတွက်သာလွန်သော ပြည်သူ့လွှတ်တော်အားကိုးဖြင့် ဗမာများကသာ အစိုးရဖွဲ့နိုင်ရန်နှင့် ဗမာများက ဌာနေတိုင်းရင်းလူမျိုးစုများအား ချုပ်ကိုင် အုပ်ချုပ်နိုင်ရန် ရည်ရွယ်၍ ပြဋ္ဌာန်းချက်များထဲမှ အချို့ဖြစ်သည်။

ထိုနည်းတူပင် ၁၉၇၄ အခြေခံဥပဒေတွင်လည်း နိုင်ငံတော်ကို တိုင်း (၇) ခုနှင့် ပြည်နယ် (၇) ခု အဖြစ် ဖွဲ့စည်းကာ ဗမာများက ဝေစု (၇) စုကို ရယူလိုက်သည် (ပုဒ်မ ၃၁ )။ နိုင်ငံတော်တွင် လွှတ်တော်တစ်ရပ် သာရှိသည် ( ပုဒ်မ ၃၂ )။ ယင်းလွှတ်တော်သို့ မြို့နယ်အခြေခံ၍ ရွေးချယ်ထားသော ကိုယ်စားလှယ်များကို တင်မြှောက်သည် ( ပုဒ်မ ၁၇၆ )။ သို့ဖြစ်၍ လွှတ်တော်သို့ ဗမာကိုယ်စားလှယ်အများစုရောက်ရှိလာသည်။ ယင်းတို့အထဲမှ လွှတ်တော်ကရွေးချယ်သော ကိုယ်စားလှယ်များဖြင့် နိုင်ငံတော်ကောင်စီကို ဖွဲ့စည်းသည်

(ပုဒ်မ ၆၄ (က)(ခ))။ နိုင်ငံတော်ကောင်စီဥက္ကဋ္ဌသည် နိုင်ငံတော်သမ္မတဖြစ်သည် (ပုဒ်မ ၆၆-က)။ နိုင်ငံတော်ကောင်စီဝင်များက ဝန်ကြီးအဖွဲ့အမည်စာရင်းကိုတင်သွင်းပြီး ပြည်သူ့လွှတ်တော်က ရွေးချယ်သည် (ပုဒ်မ ၈၂ - က )။ ဝန်ကြီးအဖွဲ့ထဲမှတစ်ဦးကို ဝန်ကြီးချုပ်မြှောက်သည် ( ပုဒ်မ ၈၂ - ခ )။ ဝန်ကြီးအဖွဲ့သည် နိုင်ငံတော်၏ အမြင့်ဆုံးပြည်သူ့ရေးရာ စီမံခန့်ခွဲရေးအဖွဲ့ဖြစ်သည် ( ပုဒ်မ ၈၃ )။ နိုင်ငံတော်ကို မဆလ ပါတီတစ်ခုတည်းက ဦးဆောင်သည် (ပုဒ်မ ၁၁ )။ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်အတွက် ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကို မဆလပါတီကသာ တင်သွင်းရသည် ( ပုဒ်မ ၁၇၉ )။ ဤမျှဆိုလျှင် တစ်နိုင်ငံလုံးကို မဆလပါတီကသာ ဗဟိုဦးစီးစနစ်ဖြင့် အုပ်ချုပ်၍ ဗမာကိုယ်စားလှယ်အများဆုံး ဖြစ်သည့် ပြည်သူ့လွှတ်တော်က ဗဟိုအုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့စည်းကာ ဌာနေတိုင်းရင်းလူမျိုးစုများကို ချုပ်ကိုင်ထားပုံကို တွေ့ မြင်နိုင်ပေသည်။

ထို့အတူပင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း ဗိုလ်နေဝင်း၏ တိုင်း (၇) တိုင်း၊ ပြည်နယ် (၇) ပြည်နယ်မူကိုပင်ယူကာ ပြည်ထောင်စုနယ်မြေကိုပါ အဆစ်ထည့်လျက် ဗမာများက ဌာနေတိုင်းရင်းလူမျိုးများကို အသာစီးရယူထားသည် ( ပုဒ်မ ၄၉ )။ " တိုင်း " ကိုပင် " တိုင်းဒေသကြီး " ဟုလုပ်လိုက်သေးသည်။ အလွန်ပင် " ကြီး " ချင်သူများ ဖြစ်သည်။ ၁၉၄၇ အခြေခံဥပဒေတွင် " ပြည်နယ်နှင့်တိုင်း " ဟု သုံးနှုန်းသော်လည်း ၂၀၀၈ ဖွဲ့ စည်းပုံ အခြေခံဥပဒေတွင် " တိုင်းဒေသကြီးနှင့် ပြည်နယ် " ဟု သုံးနှုန်းထားသည်ကပင် ဗမာတို့သည် ဌာနေတိုင်းရင်းလူမျိုးစုများထက် နှာတစ်ဖျားသော်ဖြစ်ဖြစ်သာလိုက်ရမှ ကျေနပ်သူများဖြစ်ကြောင်း သိသာနေသည်။

တိုင်း (၇) တိုင်းတွင် ဗမာအများစုနေသော မြို့နယ်အများအပြားဖွဲ့စည်းထားသည်ကို အကြောင်းပြု၍ ပြည်သူ့လွှတ်တော်ကို မြို့နယ်အခြေပြုကိုယ်စားလှယ်များ ဖြင့်ဖွဲ့စည်းသည် (ပုဒ်မ ၁၀၉ - က)။ အမျိုးသားလွှတ်တော်တွင် တိုင်းဒေသတစ်ခုလျှင် (၁၂) ဦးနှုန်းဖြင့် ကိုယ်စားလှယ် (၈၄) ဦး ရယူထားသည် (ပုဒ်မ ၁၄၁ - က)။ ဗမာစစ်တပ်က လွှတ်တော်နှစ်ရပ်ပေါင်း (၁၆၆) ဦး ရယူထားသည် (ပုဒ်မ ၁၀၉ - ခ)၊ (ပုဒ်မ ၁၄၁ - ခ)။ ယင်းသို့ ဗမာကိုယ်စားလှယ်များ အရေအတွက်အားသာမှုဖြင့် လွှတ်တော်နှစ်ရပ်ပေါင်းညီလာခံက နိုင်ငံတော်သမ္မတကို ရွေးချယ်သည် (ပုဒ်မ ၆၀)။ နိုင်ငံတော်သမ္မတက ပြည်နယ်လွှတ်တော်များ၏ သဘောတူညီချက်ဖြင့် ပြည်နယ်ဝန်ကြီးချုပ်များကို ခန့်အပ်သည် (ပုဒ်မ ၂၆၁)။ ပြည်နယ်ဝန်ကြီးချုပ်တင်သွင်းသော ပြည်နယ်ဝန်ကြီးများစာရင်းကို နိုင်ငံတော်သမ္မတက အတည်ပြုခန့်အပ်သည် (ပုဒ်မ ၂၆၂)။ နိုင်ငံတော်သမ္မတက ပြည်ထောင်စုဝန်ကြီးများကို ခန့်အပ်သည် (ပုဒ်မ ၂၃၂)( ကာကွယ်ရေး၊ ပြည်ထဲရေးနှင့် နယ်စပ်ရေးရာများမှလွဲ၍ )။

သို့ဖြစ်၍ လွှတ်တော်ထဲတွင် ကိုယ်စားလှယ်အရေအတွက် အားသာမှုကိုလည်းကောင်း၊ ယင်းအားသာချက်ဖြင့် နိုင်ငံတော်သမ္မတကိုလည်းကောင်း၊ ယင်းအားသာချက်ဖြင့် ဥပဒေပြုခြင်း၊ အခွန်ဘဏ္ဍာကောက်ခံခြင်းများကိုလည်းကောင်း၊ နိုင်ငံတော်သမ္မတက ပြည်ထောင်စုဝန်ကြီးများကိုခန့်အပ်၍ ဗဟိုအစိုးရဖွဲ့စည်းရန်လည်းကောင်း၊ နိုင်ငံတော်သမ္မတက ဌာနေတိုင်းရင်းလူမျိုးစုများကို အုပ်ချုပ်မည့် ဝန်ကြီးချုပ်များခန့်အပ်နိုင်ခွင့် ကိုလည်းကောင်း စသည်ဖြင့် အပိုင်ရယူထားသည်ကို တွေ့မြင်နိုင်သည်။ ဗမာအရပ်သားအစိုးရဖြစ်သည့် NLD အစိုးရပြင်ချင်သည်ဆိုသည့် ၂၀၀၈ ဖွဲ့စည်းပုံ၏ ပုဒ်မများထဲတွင် ဌာနေတိုင်းရင်းလူမျိုးစုများကို ချုပ်ကိုင် ထားသည့် ပုဒ်မများ မပါဝင်ပေ။ ၎င်းပြင် ၎င်းပုဒ်မများကိုပင် ထိရောက်စွာ အသုံးချခဲ့သေးသည်။




**၂၀၀၈ ဖွဲ့စည်းပုံအရ လွှတ်တော်ထဲတွင် တရားဝင် ဝင်ထိုင်ခွင့်ရရှိနေသော ဗမာစစ်တပ်**

ထို့ကြောင့် ဗမာခေါင်းဆောင်များသည် တိုင်းပြည်ကို ဦးဆောင်မှုမပြုရမည်ကို၊ ဌာနေတိုင်းရင်းလူမျိုးစုများအား ချုပ်ကိုင်မှု မပြုရမည်ကို အလွန်ပင် ကြောက်စိတ်ဝင်လျက် ၄င်းအခွင့်အရေးကို ခေတ်အဆက်ဆက် လက်မလွှတ်တမ်း ဆုပ်ကိုင်ထားသည်ကို သိသာထင်ရှားစွာ တွေ့မြင်နိုင်သည်။ ယင်းဆုပ်ကိုင်ထားမှုကို မဖြေလျှော့သေးသရွေ့ ပြည်ထောင်စုဖွဲ့စည်းပုံ ဖြစ်ပေါ်လာမည်မဟုတ်ဘဲ ပြည်ထောင်စု အကျိုးစီးပွား ဆိုသည်မှာလည်း ပျောက်ဆုံးနေဦးမည်သာဖြစ်သည်။

**ဗမာ့ကြောက်စိတ် (၅)**

**ဌာနေတိုင်းရင်းလူမျိုးစုများ စုစည်းညီညွတ်၊ ဖွံ့ဖြိုးတိုးတက်ပြီး အင်အားကောင်းသွားမည်ကို ကြောက်စိတ်**

ဗမာခေါင်းဆောင်များသည် ဗမာများက ဌာနေတိုင်းရင်းလူမျိုးစုများအား စိုးမိုး အုပ်ချုပ်နိုင်ရန်အတွက် မိမိအင်အားကို ကြီးထွားအောင်လုပ်ပြီး ဌာနေတိုင်းရင်းလူမျိုးစုများ၏ အင်အားကို အားနည်းအောင် ပြုလုပ်ရမည်ကို ကောင်းစွာသဘောပေါက်ခဲ့ကြသည်။

ဗမာဘုရင်တို့သည် ယိုးဒယားကိုတိုက်ခိုက်၍ စစ်သုံ့ပန်း သိန်းချီဖမ်းခေါ်လာခဲ့ဖူးသည်ဟုဆိုသည်။ ရခိုင်ပြည်ကို ကျူးကျော်တိုက်ခိုက်ပြီးသည့်အခါတွင်လည်း စစ်သုံ့ပန်းများ သိန်းချီ၍ ဖမ်းခေါ်သွားကြောင်း

သမိုင်းမှတ်တမ်းများတွင် တွေ့ရသည်။ ယင်းတို့သည် မိမိတို့ကျူးကျော်သိမ်းပိုက်လိုက်သော လူမျိုးများကို အင်အားနည်းစေရန်ရည်ရွယ်သည်ဟု သုံးသပ်ကြည့်နိုင်သည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်လည်း ဗမာအစိုးရအဆက်ဆက်သည် ဌာနေတိုင်းရင်းလူမျိုးစုများအား ဖွံ့ဖြိုးတိုးတက်အောင် လုပ်မပေးခဲ့ကြချေ။ သို့ရာတွင် တစ်ချိန်တည်းမှာပင် ဗမာပြည် ဧရာဝတီမြစ်ဝှမ်းဒေသအား အဖက်ဖက်က ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းခဲ့ကြသည်။ ဌာနေတိုင်းရင်းလူမျိုးစုများဒေသမှ ရရှိသော အခွန်ဘဏ္ဍာများဖြင့် ဗမာပြည်မဟူ၍ ဖန်တီးကာ စည်ပင်အောင် လုပ်ခဲ့ကြသည်ဟုလည်း ဆိုနိုင်သည်။



ဧရာဝတီမြစ်ဝကဲ ရန်ကုန်မြို့တော်

သို့ဖြစ်ရာ ပထမအကျိုးဆက်အနေဖြင့် ဌာနေတိုင်းရင်းလူမျိုးစုများက ဗမာပြည်မနှင့် ဗမာလူမျိုးများအား အထင်ကြီးစေရန်ဖြစ်သည်။ ဒုတိယအကျိုးဆက်မှာ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အစရှိသည်များတွင် ကြီးပွားတိုးတက်လိုလျှင် ဗမာပြည်မသို့ သွားရောက်ရမည်ဖြစ်သည်။ တတိယအကျိုးဆက်မှာ ဗမာပြည်မ၏လူဦးရေ များပြားလာမည်၊ ပိုပြီးပြည့်စုံလာမည်။ ဌာနေတိုင်းရင်းလူမျိုးစုများသည် ဗမာပြည်မတွင် သွေးနှောကုန်ကြမည်။ ဌာနေတိုင်းရင်းလူမျိုးစုများသည် ဗမာပြည်မတွင်နေထိုင်ကာ မိမိတို့လူမျိုးဒေသမှ သွေးချင်းများအား အမြင်ကျဉ်းအစွန်းရောက်သူများဟုလည်းကောင်း၊ မိမိတို့ကိုယ်မိမိ အမြင်ကျယ်၍ လစ်ဘရယ်ကျသူများဟု လည်းကောင်း ထင်မြင်ကာ ဗမာများနှင့် အလွမ်းသင့်အောင် ပေါင်းစည်းရေးဝါဒီများ ဖြစ်လာကြပေမည်။

အင်္ဂလိပ်ကိုလိုနီခေတ်တွင် ဝံသာနုအသင်းအဖွဲ့များ ဖွဲ့စည်းကြစဉ်က သော်လည်းကောင်း၊ ဂျပန်တော်လှန်ရေးပြုလုပ်စဉ်က သော်လည်းကောင်း၊ ဖဆပလ၊ NLD စသည့် နိုင်ငံရေးအဖွဲ့အစည်းများသည် လည်းကောင်း၊ ကွန်မြူနစ်ပါတီ၊ ပြည်သူ့ရဲဘော် အစရှိသည့် အဖွဲ့အစည်းများသည်လည်းကောင်း ဗမာပြည်မကို အခြေပြုကာ ဌာနေတိုင်းရင်းလူမျိုးစုများ၏ နယ်မြေများသို့ ထိုးဖောက်ဝင်ရောက်ခဲ့ကြသည်။ သို့ဖြင့် ယင်းဗမာအဖွဲ့အစည်းများ အင်အားကောင်းလာသည်။




**နှစ်စဉ် အမေရိကန်ဒေါ်လာ သန်းတစ်ထောင်ကျော် ရရှိနေသော ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းရှိရာ ရခိုင်ပြည်နယ်က စာသင်ကျောင်း**

သို့ဖြင့်လျှင် ဌာနေတိုင်းရင်းလူမျိုးစုများ၏ အဖွဲ့အစည်းများကို အင်အားနည်းစေသည်။ အကွဲအပြဲကို ဖြစ်ပေါ်စေသည်။ ဌာနေတိုင်းရင်းလူမျိုးစုများ၏နယ်မြေများတွင်လည်း ဒေသအလိုက်သွေးကွဲကြစေရန် ဗမာအစိုးရနှင့် ဗမာနိုင်ငံရေးပါတီများက ဘတ်ဂျက်အရသော်လည်းကောင်း၊ ရာထူးအရသော်လည်းကောင်း၊ အယူဝါဒအရ သော်လည်းကောင်း၊ ယုံကြည်မှုအရသော်လည်းကောင်း ကြိုးပမ်းနိုင်သည်။ ဌာနေတိုင်းရင်းလူမျိုးစုများ၏ နိုင်ငံရေးပါတီများနှင့် တော်လှန်ရေး လက်နက်ကိုင်အဖွဲ့အစည်းများကိုလည်း ယင်းကဲ့သို့သော နည်းလမ်းများဖြင့် အင်အားချည့်နဲ့စေရန်၊ စုစည်းမှုပြိုကွဲစေရန် လုပ်နိုင်သည်။ ဒေသတွင်း ယုံကြည်ကိုးကွယ်ရာဘာသာချင်း မတူညီမှုနှင့် လူမျိုးရေးမတူညီမှုများကို အကြောင်းပြု၍ ပဋိပက္ခများ ဖြစ်ပေါ်စေရန် တွန်းအားပေးခြင်းဖြင့် ဌာနေတိုင်းရင်းလူမျိုးစုများ၏နယ်မြေများကို မတည်မငြိမ်ဖြစ်စေရန်နှင့် ယင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျစေရန် လုပ်ဆောင်နိုင်သည်။

သို့စဉ်တွင်ပင် ဌာနေတိုင်းရင်းလူမျိုးစုများ၏ နေ့စဉ်ဘဝတွင်းသို့ ဗမာမှုများ အတောမသတ် ဝင်ရောက်လာကြသည်။ ဗမာစကား၊ ဗမာစာပေ၊ ဗမာသမိုင်း၊ ဗမာအာဇာနည်၊ ဗမာသူရဲကောင်း၊ ဗမာယဉ်ကျေးမှု၊ ဗမာဓလေ့၊ ဗမာဂီတ၊ ဗမာရုပ်ရှင်၊ ဗမာနိုင်ငံရေးပါတီ၊ ဗမာစစ်တပ်၊ ဗမာအစိုးရဝန်ထမ်း၊ ဗမာလုပ်ငန်းရှင်၊ ဗမာအလုပ်သမားနှင့် ဗမာထုတ်ကုန် အစရှိသည်တို့သည် နည်းလမ်းမျိုးစုံဖြင့် ထိုးဖောက်ဝင်ရောက်ကာ အဆက်မပြတ်ရိုက်သွင်းခြင်းခံနေကြရသည်။

ဗမာတို့သည် ဌာနေတိုင်းရင်းလူမျိုးစုများ အင်အားကြီးလာမည်ကို ကြောက်သည်။ တစ်စုတစ်စည်းတည်း ဖြစ်သွားမည်ကို ကြောက်သည်။ သီးခြားဖြစ်တည်သွားမည်ကို ကြောက်သည်။ ဖွံ့ဖြိုးတိုးတက်သွားမည်ကို ကြောက်သည်။ ဗမာ့ခေါင်းဆောင် အဆက်ဆက်၏ ရည်မှန်းချက်တစ်ခုမှာ တစ်ချိန်ချိန်၌ မြန်မာပြည်ရှိ အခြားဌာနေတိုင်းရင်းလူမျိုးစုများ တဖြည်းဖြည်း အင်အားလျော့နည်းပျောက်ကွယ်ကာ ဗမာလူမျိုးကြီးတစ်မျိုးတည်း ဖြစ်သွားစေရန်ဟုပင် ယူဆနိုင်သည်။ ဂျွန်ကေဒီ၏ " ခေတ်သစ်မြန်မာနိုင်ငံသမိုင်း " ( A history of Modern Burma by John F. Cady ) စာအုပ်၏ စာမျက်နှာ (၆၃၈) တွင် ၎င်းက ဦးဖိုးလတ်နှင့် ဦးထွန်းဖေတို့ကိုညွှန်း၍ " လူများစုဗမာတို့သည် နိုင်ငံရေးနှင့် ယဉ်ကျေးမှုကိစ္စများ၌ အခြားလူနည်းစုလူမျိုးများနှင့် သမ,သွားစေရန် ပြင်ဆင်ထားကြသည်။ ဗမာလူမျိုးတစ်ခုတည်းဖြစ်ရေးမှာ သူတို့၏ပန်းတိုင်ဖြစ်သည်။ " ဟု သုံးသပ်ပြခဲ့သည်။

သို့ရာတွင် မမှန်ကန်သော ယင်းနည်းလမ်းများကြောင့် ဌာနေတိုင်းရင်းလူမျိုးစုများသည် ပို၍စုစည်းလာကြသည်။ ပို၍သတိထားလာကြသည်။ မြေအောက်တော်လှန်ရေးအင်အားစုများ၊ မြေပေါ်နိုင်ငံရေးအင်အားစုများသည် ပို၍အင်အားကြီးထွားလာကြသည်။ ဗမာအုပ်ချုပ်သူများ၏ ယင်းကြောက်စိတ်သည် ဌာနေတိုင်းရင်းလူမျိုးစုများကို ၎င်းတို့အလိုအတိုင်း မဖြစ်နိုင်စေရုံမက ဆန့်ကျင်ဖက်ရလဒ်များကိုသာ ဖြစ်ထွန်းစေခဲ့သည်။

## နိဂုံးချုပ်သုံးသပ်ချက်

သို့ဖြစ်ရာ ဗမာခေါင်းဆောင်တို့သည် တစ်ပြည်ထောင်အာဏာရှင်စနစ်ကို တပ်မက်နေကြဆဲ၊ ဗမာပြည်နယ်ပါဝင်သော ပြည်ထောင်စုစစ်စစ်ဖွဲ့ရန် တွန့်ဆုတ်နေကြဆဲပင်ဖြစ်သည်။ မြန်မာနိုင်ငံအတွင်းရှိ ဌာနေလူမျိုးစုများသည် သမိုင်းကြောင်းအရဖြစ်စေ၊ ပထဝီအနေအထားအရဖြစ်စေ၊ လူဦးရေ အနည်းအများကြောင့်ဖြစ်စေ၊ ကိုးကွယ်ယုံကြည်မှုကြောင့်ဖြစ်စေ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းကြောင့်ဖြစ်စေ၊ စီးပွားရေး၊ ပညာရေး စသည်များကြောင့်ဖြစ်စေ တစ်လူမျိုးက နောက်တစ်လူမျိုးထက် သာလွန်သည်၊ မြင့်မြတ်သည်၊ နိမ့်ကျသည်၊ တိုးတက်သည် စသည်ဖြင့် ခွဲခြားမှုမရှိဘဲ နိုင်ငံရေးအရ တန်းတူဖြစ်လျက်၊ လူမျိုးစုအလိုက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရရှိကြစေလျက်၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အစရှိသည်တို့ကို တန်းတူဖွံ့ဖြိုးတိုးတက်စေရန် တစ်လူမျိုးနှင့် တစ်လူမျိုး၊ တစ်ပြည်နယ်နှင့် တစ်ပြည်နယ် ဖေးမကူညီကြလျက်၊ ပြည်ထောင်စုအစိုးရက ဦးဆောင်ပြီး " ဒါ ငါတို့ နိုင်ငံတော် " ဟု အားလုံးကျေနပ်စွာ ဂုဏ်ယူနိုင်သော အနေအထားမျိုးနှင့် ဝေးကွာဆဲဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ပြည်ထောင်စုအကျိုးစီးပွားမှာ ပျောက်ဆုံးနေဆဲပင် ဖြစ်လေသည်။

ထိုသို့ဖြစ်ရကား မြန်မာပြည်သည် စစ်အာဏာရှင်များလက်ထဲမှ မလွတ်မြောက်နိုင်သကဲ့သို့ စစ်ဝါဒီအသစ်အသစ်များ ပေါ်ထွန်းလာခြင်းကိုလည်း မတားဆီးနိုင်ပေ။ ပြည်တွင်းတော်လှန်ပုန်ကန်မှုများနှင့် ပြည်တွင်းစစ်သံသရာမှလည်း မရုန်းထွက်နိုင်ပေ။ ပြည်သူများသည် တရားဥပဒေစိုးမိုးမှုမရှိသော ယမ်းငွေ့များကြား၌ စိုးရိမ်ကြောက်လန့်ရမှုများ၊ သေကြေပျက်စီး ဆုံးရှုံးရမှုများ၊ ဆင်းရဲမွဲတေမှုများကို ခါးစည်းခံကြရင်း သူဦးသူနိုင်၊ ကိုယ်ဦးကိုယ်နိုင်ဆိုသည့် ကျောက်ခေတ်ဥပဒေသများထဲတွင် နစ်မြုတ်နေကြရဦးမည်ဖြစ်သည်။

Jan 22, 2022